## ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)ဆိုတာ ဘာလဲ?

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉ အရ ဖွဲ့စည်းထားသောအဖွဲ့ ဖြစ်ပါသည်။ ၎င်းအဖွဲ့အနေဖြင့် လက်ခံရရှိသည့် သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာစိစစ်ပြီး ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုကျူးလွန်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိသည့် သတင်းအချက်အလက်များကို တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံ ထောက်ပံ့ပေးသော အဖွဲ့ဖြစ်ပါသည်။

## နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်စပ်လျဉ်း၍ FIU ၏ စိစစ်ရရှိမှု

- ၂၀၂၄ ခုနှစ်အတွင်း ခွဲခြမ်းစိတ်ဖြာရရှိသည့် အချက်အလက်များ ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် | ရေတွက်ပုံ |
|---|---|---|---|
| ၁ | လက်ခံရရှိသည့် သတင်းပို့ချက် ပေါင်း | ၁၁၃၃ | စောင် |
| ၂ | နိုင်ငံသားစိစစ်ရေးကတ် အတုပြုလုပ်မှုနှင့်ဆက်နွှယ်သည့် သတင်းပို့ချက် လက်ခံရရှိမှုပေါင်း | ၁၀၂ | စောင် |
| ၃ | အသေးစိတ် ခွဲခြမ်းစိတ်ဖြာသည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့် ဆက်နွှယ်သည့် သတင်းပို့ချက် | ၉၆ | စောင် |
| ၄ | အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ဖြန့်ဝေခဲ့သည့် လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ | ၁၂ | ခု |

**"နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲခြင်းသည် နိုင်ငံတော် လုံခြုံရေးကို ထိခိုက်စေနိုင်သည်"**

## နိုင်ငံသားစိစစ်ရေးကတ်နှင့်စပ်လျဉ်း၍ စိစစ်ရရှိသည့်အချက်များ

- နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ငွေစာရင်း(Account)များ၊ E-wallet များ ဖွင့်လှစ်ထားခြင်း၊
- အခြားလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံ အခကြေးငွေပေးအပ်၍ နိုင်ငံသားစိစစ်ရေးကတ်ငှားရမ်းပြီး ငွေစာရင်း(Account)များဖွင့်လှစ်ခြင်း၊
- သေဆုံးပြီးသူများအား ထုတ်ပေးထားရှိသော နိုင်ငံသားစိစစ်ရေးကတ် အမှတ်များဖြစ်နေခြင်း၊
- ပျောက်ဆုံးသော နိုင်ငံသားစိစစ်ရေးကတ်များကို အသုံးပြု၍ ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခြင်း။

## နိုင်ငံသားစိစစ်ရေးကတ်အတု ဆိုတာ ဘာလဲ?

**"တရားမဝင်သော လုပ်ဆောင်ချက်တစ်ခုကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တုပထားသည့် စာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။"**

## ဒုစရိုက်သမားများက နိုင်ငံသားစိစစ်ရေးကတ်အတုအား မည်သည့် ရည်ရွယ်ချက်အတွက် ပြုလုပ်သလဲ?

- ရာဇဝတ်မှုများ ကျူးလွန်ရန်၊(အထူးသဖြင့် Online လိမ်လည်မှု)
- ဥပဒေအရအရေးယူခံရခြင်းမှ ရှောင်ရှားရန်အတွက် မိမိ၏ကိုယ်ရေးအချက်အလက်များကို ဖုံးကွယ်ရန်၊
- နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်ရောင်းချခြင်းဖြင့် ငွေကြေးအကျိုးအမြတ်များရရှိရန်၊
- နိုင်ငံကူးလက်မှတ်(Passport)ပြုလုပ်ရာတွင် လိမ်လည်အသုံးချရန်၊
- တရားမဝင် ဝင်ရောက်လာသူများ နိုင်ငံတော်အတွင်း နိုင်ငံသားအဖြစ် ဖုံးကွယ်နေထိုင်နိုင်ရန်။

**"နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲသူများသည် ရာဇဝတ်မှုတွင် ပါဝင်နေပါသည်"**

## နိုင်ငံသားစိစစ်ရေးကတ်အတုအား ဒုစရိုက်သမားများက မည်သို့ အသုံးချသလဲ?

- ငွေစာရင်း(Account)များ၊ E-wallet များ(ဥပမာ-K pay, Wave pay စသည်ဖြင့်) ဖွင့်လှစ်၍ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးများ လွှဲပြောင်းခြင်း၊
- တယ်လီဖုန်း SIM Card မှတ်ပုံတင်ရာတွင် အသုံးပြု၍ မိမိ၏ ကိုယ်ရေးအချက်အလက်များ ဖုံးကွယ်ခြင်း၊
- နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း (Account)များကိုအသုံးပြု၍ လျှို့ဝှက်ငွေကြေး(Crypto Currency)များ ဝယ်ယူခြင်း။

## နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားနိုင်သည့် နည်းလမ်းများ

- ဆိုရှယ်မီဒီယာပေါ်တွင် နိုင်ငံသားစိစစ်ရေးကတ်ဓာတ်ပုံများ မျှဝေမိခြင်း၊
- အတုအယောင် အက်ပလီကေးရှင်းများ/ ဝက်ဘ်ဆိုက်များတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းမိခြင်း၊
- အတုအယောင် ဘဏ်၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ တောင်းခံမှုကြောင့် ပေးအပ်မိခြင်း၊
- အများသုံးဝိုင်ဖိုင်များ (Public Wi-Fi)ကို အသုံးပြုစဉ် Phishing Website များမှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ခိုးယူခံရခြင်း။

**"မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ကိုမျှဝေခြင်းသည် မိမိကိုယ်ကို အန္တရာယ်ပေးခြင်းနှင့် တူသည်"**

- အတုအယောင် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများတွင် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုပေးအပ်၍ အလုပ်လျှောက်ထားမိခြင်း၊
- နိုင်ငံသားစိစစ်ရေးကတ် ကျပျောက်ခြင်းမှ အချက်အလက်များ ကူးယူခံရခြင်း။

### နိုင်ငံသားစိစစ်ရေးကတ်ကို တလွဲအသုံးချခံရခြင်းမှ ကာကွယ်သည့်နည်းလမ်းများ

- မိမိ၏နိုင်ငံသားစိစစ်ရေးကတ်အား တရားဝင်လုပ်ငန်းကိစ္စရပ်များမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ထံ မပေးပါနှင့်၊
- မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်အား မလိုအပ်ဘဲ မိတ္တူကူးယူ၍ မသက်ဆိုင်သူထံ ပေးအပ်ခြင်း မပြုပါနှင့်၊
- နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းပေါ်တွင် မျှဝေခြင်းမပြုပါနှင့်။

### ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်စပ်လျဉ်း၍ CDD ကို မည်သို့ ဆောင်ရွက်သင့်သလဲ?

- နိုင်ငံသားစိစစ်ရေးကတ်တွင် ပြင်ရာဖျက်ရာများ ရှိ မရှိ၊
- ထုတ်ပေးသည့်ကာလအပေါ် မူတည်၍ နိုင်ငံသားစိစစ်ရေးကတ် အရောင် တောက်ပနေခြင်း သို့မဟုတ် အရောင်မှေးမှိန်နေခြင်း ရှိ မရှိ၊
- ဆက်သွယ်ဆောင်ရွက်သူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဓာတ်ပုံ တူညီမှု ရှိ မရှိ၊
- တိုင်းဒေသကြီး/ပြည်နယ်အမှတ်စဉ်ကိန်းဂဏန်းများ၊ မြို့နယ်ကိုယ်စားပြု အတိုကောက်အမည်များ မှန်ကန်မှု ရှိ မရှိ၊ (ဥပမာ- **၁/ မကန**(နိုင်) သို့မဟုတ် **၁၂/ မကန**(နိုင်)

**"မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းသည် မိမိ၏တာဝန်ဖြစ်သည်"**

- ဆက်သွယ်ဆောင်ရွက်သူ၏ လက်ရှိနေရပ်လိပ်စာမှာ အမှန်တကယ်နေထိုင်ခြင်း ရှိ မရှိနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဖော်ပြထားသောလိပ်စာများ မှန်ကန်မှု ရှိ မရှိ (ဥပမာ-မြို့တစ်ခုတွင် ရပ်ကွက် ၁၂ ရပ်ကွက်သာ ရှိသော်လည်း ၁၃ ရပ်ကွက်ဟု ဖော်ပြထားခြင်း)၊
- အသက်အရွယ်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပါ မွေးသက္ကရာဇ်များအရ အသက်အရွယ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ အသက်အရွယ် ဖြစ်နိုင်ခြင်း ရှိ မရှိ၊
- နိုင်ငံသားစိစစ်ရေးကတ်ပါ ကိုယ်တွင်ထင်ရှားသောအမှတ်အသားများ အမှန်တကယ် ရှိ မရှိ၊
- နိုင်ငံသားစိစစ်ရေးကတ်အတုဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများ၏ ထောက်ခံစာရယူစေခြင်း သို့မဟုတ် ထုတ်ပေးထားခြင်း ရှိ မရှိ အတည်ပြုချက်ရယူခြင်း။

### နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်စပ်လျဉ်း၍ မည်သည့်ဥပဒေများဖြင့် အရေးယူခံရနိုင်သလဲ?

- ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၁ အရ နိုင်ငံသားလက်မှတ်အတုပြုလုပ်လျှင်ဖြစ်စေ၊ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ် တစ်ဆယ့်ငါးနှစ် နှင့် ငွေဒဏ်ကျခံနိုင်ပါသည်၊
- ရာဇသတ်ကြီးပုဒ်မ ၄၂၀၊ ၄၆၈၊ ပုဒ်မ ၄၇၁ အရ စာတမ်းအမှတ်အသားကို လိမ်လည်အတုပြုလုပ်လျှင် ခုနစ်နှစ်ထိ ထောင်ဒဏ် ကျခံနိုင်ပါသည်။

**"နိုင်ငံသားစိစစ်ရေးကတ်အတုများသည် သင့်အား အမှုအခင်းပြဿနာများထဲသို့ ဆွဲခေါ်နိုင်သည်၊ သတိထားပါ"**

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

## (Myanmar Financial Intelligence Unit)

### "သတိပြုဖွယ် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အွန်လိုင်းလိမ်လည်မှု အန္တရာယ်"

**<u>သတိပြုလိုက်နာရမည့်အချက်များ</u>**

- အခြားသူတစ်ဦးတစ်ယောက်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအား ကောက်ရ/တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ သွားရောက်အပ်နှံရမည်။
- နိုင်ငံသားစိစစ်ရေးကတ်ပြား(ပျောက်ဆုံး)ပါက နီးစပ်ရာ ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ မိတ္တူထုတ်ပေးခွင့်ကို ကိုယ်တိုင်လျှောက်ထားရမည်။

**"စစ်မှန်သော နိုင်ငံသားစိစစ်ရေးကတ်ဖြင့်သာ နိုင်ငံသားအဖြစ် ဂုဏ်ယူပါ"**